## <u>ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအင်အားစုများ အမျိုးသားရေးတွေ့ဆုံရှင်းလင်းပွဲ</u>
## <u>စစ်ကိုင်းမြို့ ထူပါရုံကျောင်းတိုက် ရတနာဗိမာန်ဓမ္မာရုံကျောင်းတော်တွင်ကျင်းပ</u>



ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအင်အားစုများ အမျိုးသားရေးတွေ့ဆုံရှင်းလင်းပွဲကို ဇွန်လ (၄)ရက်နေ့ နံနက် (၈း၄၅)နာရီက စစ်ကိုင်းတိုင်း စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့ ထူပါရုံကျောင်းတိုက် ရတနာဗိမာန်ဓမ္မာရုံကျောင်းတော်တွင်ကျင်းပရာ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအင်အားစုများ စစ်ကိုင်းမြို့ပေါ်နှင့်ရပ်ကွက်ကျေးရွာများမှ ပြည်သူလူထုများ၊ စာနယ်ဇင်းအသီးသီးမှ သတင်းတာဝန်ခံများ အင်အား (၉၀၀)ခန့် တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ကိုသန်းဦး ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပြီး အခမ်းအနားစီစဉ်ကျင်းပရခြင်းအကြောင်းကို ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအင်အားစု၏ အထက်မြန်မာပြည်တာဝန်ခံ ဦးလှမြင့်မှ ရှင်းလင်းတင်ပြသည်။ ထို့နောက် အမျိုးသားနိုင်ငံရေးအင်အားစုများက ရှင်းလင်းတင်ပြကြရာ ဝံသာနု NLD (ပြည်ထောင်စုမြန်မာနိုင်ငံ)မှ ဒေါက်တာစိုးလင်းကလည်းကောင်း၊ အမျိုးသားနိုင်ငံရေးလူငယ် NLD (မြန်မာနိုင်ငံ)မှ ကိုဝင်းဇော်ကလည်းကောင်း၊ မန္တလေးတိုင်းနုတ်ထွက် NLD များကိုယ်စား ဒေါ်နန်းရွှေကြာကလည်းကောင်း၊ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)မှ အမျိုးသားရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ကိုရဲထွန်းကလည်းကောင်း၊ ခေတ်သစ်သိပ္ပံနိုင်ငံရေး ဘောဂဗေဒလေ့လာရေး ကျောင်းတော်သားစုမှ ဦးလှသိန်းကလည်းကောင်း၊ နိုင်ငံရေး ဘောဂဗေဒလေ့လာရေးမျိုးဆက်သစ်ကျောင်းတော်သားစုမှ ဦးခင်မောင်ဦးမှလည်းကောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ် ရေးသုတေသနနှင့် တိုးချဲ့ထုတ်လုပ်မှုကျောင်းတော်သားစုမှ ဦးလှမြင့်ကလည်းကောင်း၊ အမျိုးသားညီလာခံကိုယ်စားလှယ်နှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်အဖွဲ့မှ ဦးကြည်ဝင်းကလည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအင်အားစုများ ပူးတွဲလုပ်ငန်းကော်မတီ အောက်မြန်မာပြည်တာဝန်ခံ ကိုအေးလွင်ကလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ဆက်လက်ပြီး တက်ရောက်လာကြသည့် ဒေသခံပြည်သူများ၏ မေးမြန်းချက်များကို အမျိုးသားနိုင်ငံရေးအင်အားစုများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။ ထို့နောက် ကနောင်ဂျာနယ် အယ်ဒီတာချုပ် ဦးတင်အောင်ရွှေ (သုတေသီ)၊ ရွှေမန္တလေးသတင်းဂျာနယ်နှင့် နန်းမြင့်ဂျာနယ် အယ်ဒီတာချုပ် သိုက်ထွန်းသက်၊ လျှပ်တစ်ပြက်ဂျာနယ် သုတေသနအယ်ဒီတာ စူးရှမြတ်မြတ်တို့က သိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအင်အားစုများက ရှင်းလင်းစွာဖြေကြားခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအင်အားစုဆိုတဲ့ ဆိုင်းဘုတ်နဲ့ရွေးကောက်ပွဲဝင်ရောက်ခြင်း မပြုဘူးလို့နားလည်ရမှာလား၊ ဒါမှမဟုတ် ဝံသာနု NLD လိုအစိတ်အပိုင်းများအနေနဲ့ ရွေးကောက်ပွဲဝင်မယ့် အနေအထားများရှိပါသလား

ရွှေမန္တလေးသတင်းဂျာနယ်

ဝံသာနု NLD ဆိုပြီး မှတ်ပုံတင်ပြီး ပါတီထောင်ရင် သူကမှတ်ပုံမတင်ခင် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအင်အားစုက တစ်ခါတည်းထွက်သွားရမှာ၊ ဘာကြောင့်လည်းဆိုတော့ ပါတီနိုင်ငံရေးမဟုတ်ဘူးလေ ကိုအေးလွင်



ကျွန်တော်ကမန္တလေးအခြေစိုက်ထုတ်ဝေတဲ့ ရွှေမန္တလေးသတင်းဂျာနယ်နဲ့ နန်းမြင့်ဂျာနယ်ရဲ့ အယ်ဒီတာချုပ် သိုက်ထွန်းသက်ဖြစ်ပါတယ်။ ကျွန်တော်တို့ ရွှေမန္တလေးမီဒီယာဂရု(ဖ်)ကနေပြီး ဂျာနယ်သုံးစောင်ထုတ်ဝေလျက်ရှိပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအင်အားစုများအဖွဲ့တွေကို ကျွန်တော်တို့ ဂျာနယ်သုံးစောင်စလုံးက အလှည့်ကျ သွားရောက်ပြီး သတင်းရယူဖော်ပြပါတယ်။ အမျိုးသားနိုင်ငံရေးအင်အားစုများရဲ့ထုတ်ပြန်ကြေညာချက်များနဲ့အတူ ကျွန်တော တို့ ဂျာနယ်များကိုယ်တိုင်မေးတဲ့ မေးခွန်းများကို အဖြေနှင့်တစ်ကွပြန်လည်တင်ပြပေးပါတယ်။ သည်ပွဲမှာ ဒေသခံပြည်သူ တစ်ဦးရဲ့ မေးမြန်းချက်အပေါ် ကိုအေးလွင်က ပီပီပြင်ပြင်ဖြေကြားသွားတာ ရှိပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားရေးနိုင်ငံရေးအင်အားစု အနေနဲ့ နောင်လာမယ့်ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်အရွေးခံမှာ မဟုတ်ပါဘူးလို့ တရားဝင် ပြောကြားသွားတာပဲဖြစ်ပါတယ်။ စောစောပိုင်းက တစ်ဖွဲ့ချင်းမိတ်ဆက်တဲ့အစီအစဉ်မှာ ဒေါက်တာစိုးလင်းက ပြည်သူလူထုအနေနဲ့ ကျွန်တော်တို့အပေါ် ထောက်ခံရင် ထောက်ခံသလို ဆက်လက်လှုပ်ရှားဆောင်ရွက်သွားမှာပါလို့ ပြောကြားထားပါတယ်။ သည်နေရာမှာ ရှင်းရှင်းလင်းလင်း သိလိုတာ တစ်ခုက ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသား နိုင်ငံရေးအင်အားစုများဆိုတဲ့ဆိုင်းဘုတ်နဲ့ ရွေးကောက်ပွဲဝင်ရောက်ခြင်း မပြုဘူးလို့ ကျွန်တော်တို့နားလည်ရမှာလား ဒါမှမဟုတ် ဒီအထဲမှာပါဝင်နေတဲ့ အစိတ်အပိုင်းများအနေနဲ့ ဥပမာ ဝံသာနု NLD လို အစိတ်အပိုင်းများနဲ့ ရွေးကောက်ပွဲ ဝင်မယ့် အနေအထားမျိုးများ ရှိပါသလားဆိုတာကို ဒေါက်တာစိုးလင်း ဖြေကြားပေးစေချင်ပါတယ်။

မေးတာက ဒေါက်တာစိုးလင်းကိုမေးတာပါ။ ဒါပေမယ့် အမျိုးသားနိုင်ငံရေးအင်အားစုတွေနဲ့ အရေးကိစ္စဖြစ်နေတာ ကြောင့် ကျွန်တော်က ပဏာမဖြေပါမယ်။ ဒေါက်တာစိုးလင်းလည်း ဖြေပါ့မယ်။ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသား နိုင်ငံရေးအင်အားစုများ သည် အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်များကိုသာ ဆောင်ရွက်ပါမယ်။ ပါတီနိုင်ငံရေးလုပ်ငန်းစဉ်တွေ ကို မဆောင်ရွက်ပါ။ ရွေးကောက်ပွဲဝင်ဖို့အတွက် ပြင်ဆင်လှုပ်ရှားနေခြင်းမဟုတ်ပါ။ အခြေအနေကောင်းတွေရယူ ဖန်တီး နေခြင်းမဟုတ်ပါ။ ပွင့်ပွင့်လင်းလင်းပြောတာပါ။ ဒါနဲ့ပတ်သက်ပြီးတော့ ရှင်းပါတယ်။ အမျိုးသားနိုင်ငံရေးအင်အားစု တွေမှာ ဒီနေ့ပါလာကြတဲ့ အင်အားစုကိုးခုရှိပါတယ်။ ဦးဘိုမောင်းက ဒီမို NLD ဆိုပြီး မုံရွာမှာတိုးချဲ့ပါဝင်လက်မှတ်ထိုး ပြီးတော့ အင်အားစုကိုးခု ဖြစ်သွားပါတယ်။ ဒီအင်အားစုတွေဟာ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ဖြတ်သန်းတဲ့နေရာမှာ လက်ရှိပကတိဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေပေါ်မှာ သုံးသပ်တဲ့အမြင်ချင်း တူပါတယ်။ ရပ်တည်ချက်ခြင်းကလည်း ညီတူညီမျှဖြစ်ပြီး ဒါလက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေပါ။ Campaigm နှစ်ခုနဲ့ပတ်သက်ပြီးတော့ လုပ်ရာမှာလည်း စိတ်ဓါတ်ရေးရာအရ ယုံကြည်ချက်အရ အတူတူပါပဲ၊ ခံယူချက်ကလည်း အတူတူပါပဲ။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက် ပြီးတဲ့နောက်ပိုင်းမှာ နိုင်ငံရေးပါတီတွေပေါ်လာမယ်၊ ရွေးကောက်ပွဲတွေ ဖြစ်လာမယ်။ အဲဒီကမှ ပြည်သူ့လွှတ်တော်တွေ၊ အမျိုးသားလွှတ်တော်တွေပေါ်လာမယ်။ အစိုးရအဖွဲ့တွေပေါ်လာမယ်။ သည်ကိစ္စတွေဟာလည်း ဆက်လက်ဖြစ်ပေါ်လာမယ့် နိုင်ငံရေး အစီအစဉ်တွေဖြစ်ပါတယ်။ အမျိုးသားနိုင်ငံရေးနဲ့ပတ်သက်လို့ သည်နေ့လိုအပ်တဲ့ကိစ္စတွေ ဆောင်ရွက်ဖို့အတွက် အမျိုးသားနိုင်ငံရေး အင်အားစုများဆိုပြီး ကျွန်တော်တို့ဆောင်ရွက်ထားပါတယ်။ ဒီပုဂ္ဂိုလ်တွေအနေနဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေပေါ်ပေါက်ပြီးတဲ့နောက်ပိုင်းမှာ ဖြစ်ပေါ်လာမယ့်နိုင်ငံရေးကို ဆောင်ရွက်တဲ့ကိစ္စတွေကျတော့ သူတို့ရဲ့

တစ်သီးပုဂ္ဂလဆိုးဖြတ်ချက်တွေသာလျှင်ဖြစ်ပါလိမ့်မယ်။ ဒါဟာသူတို့ကိစ္စပါ။ ဒါကိုကျွန်တော်တို့က ပိတ်ပင်ထားလို့မရပါဘူး။ ဒါပေမယ့် တစ်ခုရှိတာက ပါတီထောင်မယ့်အဖွဲ့အစည်းဆိုရင် ပါတီအနေနဲ့မှတ်ပုံတင်ထားတဲ့အဖွဲ့အစည်းဆိုရင် ကျွန်တော်တို့ သူတို့ကို ပယ်ဖျက်ရပါမယ်။ ဆိုကြပါစို့ ဒေါက်တာစိုးလင်း ဦးဆောင်တဲ့ ဝံသာနု NLDက ပါတီတစ်ခုလုပ်တော့မယ်ဆိုရင် ရွေးကောက်ပွဲနီးလာပြီ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်လာပြီ၊ နိုင်ငံရေးပါတီတွေလည်း မှတ်ပုံတင်လို့ရပြီ၊ ပါတီထောင်ပြီပေါ့၊ ဝံသာနု NLD ဆိုပြီး မှတ်ပုံတင်ပြီးပါတီထောင်သူက မှတ်ပုံမတင်ခင် ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသား နိုင်ငံရေးအင်အားစုထဲက တစ်ခါတည်းထွက်သွားရမှာပါ။ ဘာကြောင့်လဲဆိုတော့ ပါတီနိုင်ငံရေး မဟုတ်ဘူးလေ၊ ကျွန်တော်တို့ ဟာ ပါတီထောင်မယ်၊ လူထုထောက်ခံအောင်လုပ်မယ်၊ ပြည်သူလူထုမဲနဲ့အာဏာတက်ယူမယ်၊ ဒါ ကျွန်တော်တို့လုပ်မှာ မဟုတ်ဘူး။ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအင်အားစုတွေအနေနဲ့ ပါတီတစ်ခုအနေနဲ့ မှတ်ပုံတင် ပြီးရွေးကောက်ပွဲဝင်မှာ မဟုတ်ပါဘူးဆိုတဲ့အကြောင်း ဖြေကြားလိုပါတယ်။

(ဆက်လက်ပြီး ဒေါက်တာစိုးလင်း၊ ဝံသာနု NLD ၏ဖြေကြားချက်ကို ဖော်ပြပေးပါမည်)